# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID-19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ဘဏ်ခွဲအားလုံးတို့တွင်ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over-the-Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကိုလွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေး ကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေလုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

4/7

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းများမှ တစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code – MYEBMMMY ကို အသုံးပြု၍ Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှု မရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှ တစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည်–

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/ Kuala Lumpur) |
| Sumitomo Mitsui Banking Corp (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင် ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာ ဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e-mail – treasury05@365mopfi.gov.mm, treasury10@365mopfi.gov.mm (သို့မဟုတ်) Viber – 09-251182042, 09-420788851 တစ်ခုခုသို့ အလှူငွေ ပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

5/7

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| - ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇-၃၄၁၀၁၅၆<br>၀၉-၄၅၀၄၅၅၂၃၇<br><br>- ဒေါ်ရီရီခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇-၃၄၁၀၁၅၈<br>၀၉-၂၅၄၅၅၈၄၂၄ | - ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>၀၁-၈၃၉၁၃၄၂<br>၀၁-၈၃၉၁၀၇၂ | - ဦးထွန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး၊<br>ပြည်တွင်းအခွန်များ<br>ဦးစီးဌာန<br>၀၂-၄၀၃၅၉၁၆ |

၅။ COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရရှိပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

6/7

ပူးတွဲ(၃)

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် လှူဒါန်းနိုင်သည့်နည်းလမ်းများ ထပ်မံအသိပေးကြေညာချက်

၁။ COVID-19 Vaccination Fund အတွက် အလှူငွေများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် (http://www.mopfi.gov.mm) သို့ဝင်ရောက်၍ အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပြီဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်-

(က) ပြည်တွင်းဘဏ်အသီးသီးမှ ထုတ်သော MPU Debit/Credit Card များဖြင့် ငွေပေးချေ လှူဒါန်းခြင်း၊

(ခ) ပြည်တွင်းဘဏ်အသီးသီးမှ ထုတ်သော Visa/Master Credit Card များဖြင့် ငွေပေးချေ လှူဒါန်းခြင်း၊

(ဂ) ပြည်ပဘဏ်အသီးသီးမှ ထုတ်သော Visa/Master Debit & Credit Card များဖြင့် ငွေပေးချေ လှူဒါန်းခြင်း၊

(ဃ) Mobile Wallet များဖြစ်သော CB-pay, KBZ-pay, OK$ တို့ဖြင့် QR Code မှတစ်ဆင့် ငွေပေးချေလှူဒါန်းခြင်း၊ (အခြား Mobile Wallets များဖြင့် အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားပါမည်)

(င) KBZ ဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ UAB ဘဏ်၊ MAB ဘဏ်တို့၏ Internet/Mobile Banking App များမှတစ်ဆင့် ငွေပေးချေလှူဒါန်းခြင်း၊ (အခြားဘဏ်များ၏ Internet/ Mobile Banking App များဖြင့်အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားပါမည်)

(စ) City Mart, Marketplace, Sein Gay Har, Aeon Orange စသည့်စူပါမားကက်များ၊ Denko Mini Market, Fun Fun Mart, ABC Convenience Store, Oasis စသည့် မီနီမတ်နှင့်စတိုးဆိုင်များ၊ M-Pitesan, True Money, MyTelPay စသည့် မိုဘိုင်းဝေါလက်အေးဂျင့်များ၊ Any Call, e-City, Lu Gyi Min, Mr. Fone စသည့် မိုဘိုင်းဖုန်းဆိုင်များ၊ Wai Yan Electronics ဆိုင်နှင့် Near Me logo ဖြင့် လက်ခံသောဆိုင်များတွင် Over-the-Counter အဖြစ် ငွေသားဖြင့် လှူဒါန်းခြင်း။

၂။ သို့ပါ၍ ပြည်တွင်းနေရာ ဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဘဏ်ခွဲများနှင့်၊ အခြားပြည်တွင်းပုဂ္ဂလိကဘဏ်အသီးသီးတွင် ငွေသားဖြင့် လှူဒါန်းနိုင်မည့်အပြင် အထက်ပါအီလက်ထရောနစ် နည်းအမျိုးမျိုးဖြင့် ပြည်တွင်း၊ ပြည်ပမှ တိုက်ရိုက်လှူဒါန်းနိုင်ပြီ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

7/7